### အခြေပစ္စည်းဆိုသည်မှာ....

❖ မြေ၊ အဆောက်အအုံနှင့် ယင်းတို့၏အခန်းများ၊ ယာဉ်နှင့် လုပ်ငန်းဆိုင်ရာ မ-တည်ပစ္စည်း၊ အစုရှယ်ယာနှင့် ကတိခံဝန်ချုပ်၊ ငွေချေးသက်သေခံလက်မှတ်များနှင့် အလားတူ စာချုပ်စာတမ်းများကို ဆိုလိုပါသည်။



### အခြေပစ္စည်းမှ မြတ်စွန်းငွေဆိုသည်မှာ....

❖ အခြေပစ္စည်းကို ရောင်းချခြင်း ၊ လဲလှယ်ခြင်း (သို့မဟုတ်) လွှဲပြောင်းခြင်းပြုလုပ်၍ ရရှိသော မြတ်စွန်းငွေကိုဆိုပါသည်။ (လွှဲပြောင်းခြင်းဆိုရာ၌ အမွေဆက်ခံခြင်းနှင့် အဖိုးစားနားမပါဘဲ မေတ္တာဖြင့်ပေးကမ်းခြင်း၊ လှူဒါန်းခြင်းတို့ မပါဝင်စေရ)

### ရောင်းချသူရဲ့ အခွန်တာဝန်-

❖ အခြေပစ္စည်းမှ မြတ်စွန်းငွေဖြစ်ပါက အခြေပစ္စည်းတစ်ခု (သို့မဟုတ်) တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း (သို့မဟုတ်) အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့်နေ့မှရက်ပေါင်း (၃၀) အတွင်း သက်ဆိုင်ရာအခွန်ရုံးတွင် ဝင်ငွေကြေညာလွှာ တင်သွင်း၍ ကျသင့်အခွန်ကို ခန့်မှန်းတွက်ချက် ပေးဆောင်ရပါမည်။

❖ အခြေပစ္စည်း ရောင်းချခြင်း၊ လဲလှယ်ခြင်း (သို့မဟုတ်) အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့်နေ့ဆိုသည်မှာ ယင်းပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း (သို့မဟုတ်) အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသော **စာချုပ်ချုပ်ဆိုသည့်နေ့**နှင့် ယင်းပစ္စည်းကို လက်ရောက် လွှဲပြောင်းပေးသည့်နေ့တို့အနက် **စောရာနေ့** ကို ဆိုလိုပါသည်။

❖ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု (သို့မဟုတ်) တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း (သို့မဟုတ်) အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများအတွက် **ဘဏ္ဍာနှစ်ကုန်ဆုံးပြီး သုံးလအတွင်း** စုပေါင်းတင်သွင်းသည့် အခြေပစ္စည်းမှ မြတ်စွန်းငွေ ကြေညာလွှာကို တင်သွင်းရန် လိုအပ်ပါသည်။




### ဘယ်လောက်ပေးဆောင်ရမှာလဲ....



နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ-

❖ မြန်မာနိုင်ငံ၏ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီဖြစ်ပါက အောက်တွင် မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းထားများအတိုင်း ရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန် ပေးဆောင်ရမည်ဖြစ်ပါသည်-

| စဉ် | မြတ်စွန်းငွေ | ပေးဆောင်ရမည့် ဝင်ငွေခွန်နှုန်း |
|---|---|---|
| (၁) | ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၀)အထိ | ၄၀ ရာခိုင်နှုန်း |
| (၂) | ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၀)အထက်မှ (၁၅၀,၀၀၀)အထိ | ၄၅ ရာခိုင်နှုန်း |
| (၃) | ညီမျှကျပ်သန်းပေါင်း (၁၅၀,၀၀၀)အထက် | ၅၀ ရာခိုင်နှုန်း |

❖ မြန်မာနိုင်ငံ၏ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်း ပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် **၁၀%** ဖြင့် ဝင်ငွေခွန်ပေးဆောင်ရမည်။ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကို ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရပါမည်။

### ကင်းလွတ်ခွင့်ရှိပါသလား.....




❖ နှစ်စဉ်ပြဋ္ဌာန်းသည့်ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု (သို့မဟုတ်) တစ်ခုထက်ပို၍ ရောင်းချခြင်း ၊ လဲလှယ်ခြင်း (သို့မဟုတ်) အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် **ကျပ်သိန်း (၁၀၀) ထက်** မပိုလျှင် အခြေပစ္စည်းမှမြတ်စွန်းငွေ ရရှိသော်လည်း ဝင်ငွေခွန် ပေးဆောင်ရန် မလိုပါ။

❖ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု (သို့မဟုတ်) တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း (သို့မဟုတ်) အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ သတ်မှတ်သည့် ဝင်ငွေခွန် မစည်းကြပ်ထိုက်သော တန်ဖိုးထက် ပိုမိုသည့်အပြင် မြတ်စွန်းငွေလည်းရှိပါက ဝင်ငွေကြေညာလွှာတင်သွင်း၍ ကျသင့်အခွန်ကို ခန့်မှန်းတွက်ချက် ပေးဆောင်ရမည်။

### ပေးဆောင်ရမည့် အခွန်တွက်ချက်ခြင်း




❖ ရောင်းချသည့် အခြေပစ္စည်းသည် အိမ်၊ ခြံ၊ မြေ ၊ အဆောက်အဦနှင့် အခန်းများ ဖြစ်ခဲ့လျှင် ရန်ကုန်၊ မန္တလေး စည်ပင်သာယာနယ်နိမိတ်အတွင်းဖြစ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး ကာလတန်ဖိုးစိစစ် သတ်မှတ်ရေးအဖွဲ့ကလည်းကောင်း၊ စည်ပင်သာယာနယ်နိမိတ်ပြင်ပနှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စု နယ်မြေတို့ရှိ မြို့နယ်များဖြစ်ပါက သက်ဆိုင်ရာမြို့နယ် ကာလတန်ဖိုးစိစစ် သတ်မှတ်ရေးအဖွဲ့ကလည်းကောင်း ကာလတန်ဖိုး သတ်မှတ်ပေးမည်ဖြစ်ပါသည်။

❖ မော်တော်ယာဉ်၊ ရေယာဉ်၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီများ အစရှိသောယာဉ်များဖြစ်လျှင် သက်ဆိုင်ရာအခွန်ရုံးများမှ အဆိုပါရောင်းချခြင်းအတွက် သတ်မှတ်စံနှုန်းနှင့်အညီ ယာဉ်တန်ဖိုးသတ်မှတ်ပေးမည်ဖြစ်ပါသည်။

❖ သတ်မှတ်အရောင်းတန်ဖိုးအပေါ်တွင် (စုစုပေါင်းတန်ဖိုးလျော့ငွေ နုတ်ပယ်ပြီးသော) မူလအဝယ်တန်ဖိုးနှင့် အခြေပစ္စည်းရောင်းချ/ လဲလှယ်/ လွှဲပြောင်းနိုင်ရန် ဖြည့်စွက် အသုံးပြုခဲ့ရသည့် သာမန်ကုန်ကျစရိတ်များအား ခွင့်ပြုနုတ်ပယ်ပေးပါမည်။

❖ အခြေပစ္စည်းမှ ဆုံးရှုံးငွေကို ကျန်ဝင်ငွေရလမ်းမှ ဝင်ငွေတွင် ခုနှိမ်ခွင့်မရှိပါ။

### တွက်ချက်ပုံနမူနာ

| | | | | ကျပ် |
|---|---|---|---|---|
| အခြေပစ္စည်းရောင်းချ/ လဲလှယ်/ လွှဲပြောင်းသည့်တန်ဖိုး | | | = | ၁၀၀,၀၀၀,၀၀၀ |
| (နုတ်) ခွင့်ပြုစရိတ်များ | | | | |
| မူလအဝယ်တန်ဖိုး | = | ၈၀,၀၀၀,၀၀၀ | | |
| (-)တန်ဖိုးလျော့စုစုပေါင်း | = | (၂,၄၀၀,၀၀၀) | | |
| | | ၇၇,၆၀၀,၀၀၀ | | |
| ဖြည့်စွက်အသုံးစရိတ်များ (ဥပမာ - ဆေးသုတ်) | = | ၂,၀၀၀,၀၀၀ | | |
| ရောင်းချစရိတ်(ဥပမာ - ပွဲခ) | = | ၂,၀၀၀,၀၀၀ | | |
| | | | | (၈၁,၆၀၀,၀၀၀) |
| မြတ်စွန်းငွေ | | | = | ၁၈,၄၀၀,၀၀၀ |
| ကျသင့်အခွန်(၁၀%) | | | = | ၁,၈၄၀,၀၀၀ |

❖ အခြေပစ္စည်း ရရှိပိုင်ဆိုင်ခြင်းနှင့် ဖြည့်စွက်မတည်စရိတ်များအတွက် စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေခေါင်းစဉ်ဖြင့် အခွန်စည်းကြပ်မှုများဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

**တင်ပြရမည့်စာရွက်စာတမ်းများ**

- ❖ အိမ်၊ ခြံ၊ မြေဖြစ်လျှင် -

(၁) အရောင်းအဝယ်စာချုပ်မိတ္တူ၊
(၂) မူလပိုင်ဆိုင်မှု အထောက်အထားများ၊
(၃) တစ်နှစ်အတွင်း ထုတ်ယူထားသည့် မြေပုံ/ မြေရာဇဝင်ပုံစံ ၁၀၅/ ၁၀၆ ၊
(၄) အိမ်၊ မြေ အနေအထားပြဓာတ်ပုံ (ရှေ့/ နောက်/ ဘေး - ဝဲ/ ယာ)၊
(၅) နိုင်ငံသားစိစစ်ရေးမှတ်ပုံတင်ကတ်ပြားမိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ ၊
(၆) တင်ပြလိုသည့် ကုန်ကျစရိတ်အထောက်အထားများ၊
(၇) ရောင်းချသူကိုယ်တိုင် မဟုတ်လျှင် (ရုံးခွန်တံဆိပ်ခေါင်း ကပ်နှိပ်ထားသော ကိုယ်စားလှယ်လွှဲစာ)၊
(၈) ဝယ်ယူပိုင်ဆိုင်စဉ်က အခွန်ထမ်းဆောင်ခဲ့သည့် အထောက်အထားများ၊
(၉) ပိုင်ရှင်ကိုယ်တိုင်ရောင်းချခဲ့ခြင်းမဟုတ်ပါက အထူးကိုယ်စားလှယ်လွှဲစာ (SP)/ အထွေထွေကိုယ်စားလှယ်လွှဲစာ (GP)၊

- ❖ ယာဉ်ဖြစ်လျှင် -

(၁) အရောင်းအဝယ်စာချုပ်မိတ္တူ၊
(၂) ယာဉ်အမျိုးအစားအလိုက် ရောင်းချသူ၏ အမည်ပါရှိသည့် ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊
(၃) ရောင်းချသူ၏ အမည်ပါရှိသည့် ယာဉ်သက်သေခံလက်မှတ်မိတ္တူ၊
(၄) မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးထားသော ရောင်းချသူ၏ နိုင်ငံသားစိစစ်ရေးကဒ်ပြားမိတ္တူ (ကုမ္ပဏီအမည်ပေါက်ယာဉ်ဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ)၊
(၅) မူရင်းနှင့်တိုက်ဆိုင်စစ်ဆေးထားသော ရောင်းချသူ၏ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ (ကုမ္ပဏီအမည်ပေါက်ယာဉ်ဖြစ်ပါက တင်ပြရန် မလိုပါ)၊
(၆) ရောင်းချမှုအတွက် အခွန်ထမ်းဆောင်လိုကြောင်း တင်ပြသည့်လျှောက်လွှာ၊
(၇) ရောင်းချသူကိုယ်တိုင် မဟုတ်လျှင် (ရုံးခွန်တံဆိပ်ခေါင်းကပ်နှိပ်ထားသော ကိုယ်စားလှယ်လွှဲစာ)၊
(၈) ဝယ်ယူပိုင်ဆိုင်ခဲ့စဉ်က အခွန်ထမ်းဆောင်ခဲ့သည့် အထောက်အထားများ ပတခ(ဝင)-၈ သို့မဟုတ် ပတခ(ဝင)၀၄-၀၈၊ ပုံစံ(၁)၊ ငွေသွင်းချလန် (ဝင်ငွေရလမ်း တင်ပြထားသည့် ယာဉ်ဖြစ်ပါက)
(၉) ယာဉ်အို၊ ယာဉ်ဟောင်းအပ်နှံ၍ မိမိအမည်ပေါက်ဖြင့် ပြည်ပမှတင်သွင်းခဲ့သည့် ယာဉ်ဖြစ်ပါက အကောက်ခွန်ဦးစီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့တွင် ရှင်းလင်းခဲ့သည့် အထောက်အထားများ၊
(၁၀) အမွေဆက်ခံခြင်း၊ ပေးကမ်းခြင်းဖြင့် ရရှိခဲ့သည့်ယာဉ်ဖြစ်ပါက မူလပေးကမ်းစဉ် အမွေဆက်ခံစဉ်က စာရွက်စာတမ်းအထောက်အထားများ။

**ဒဏ်ငွေကျသင့်စေခြင်း**

- ❖ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၆၇ ၊ ပုဒ်မခွဲ (က) အရ အခွန်ကြေညာလွှာ သို့မဟုတ် အခြားကြေညာလွှာတစ်ရပ်ရပ်ကို တင်သွင်းရန် သတ်မှတ်ထားသည့်နေ့ရက်တွင် သို့မဟုတ် ယင်းနေ့ရက်မတိုင်မီ တင်သွင်းရန်ပျက်ကွက်ပါက အောက်ပါဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည် -

(၁) ပေးဆောင်ရမည့်အခွန်ပမာဏ၏ **၅%** အပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့ရက်မှ စည်းကြပ်မှုပြုလုပ်သည့် အချိန်ကာလအထိ ကြေညာလွှာ တင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့် အခွန်ပမာဏ၏ **၁%**၊

(၂) ငွေကျပ်တစ်သိန်း။

- ❖ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၄ ၊ ပုဒ်မခွဲ (က) အရ စည်းကြပ်မှု သို့မဟုတ် ပြန်လည်စည်းကြပ်မှုပြုသည့်နေ့မှ ၁၄ ရက်အတွင်း သို့မဟုတ် စည်းကြပ်မှု အကြောင်းကြားစာပါ ပေးဆောင်ရမည့်အခွန်များနှင့်စပ်လျဉ်း၍ သတ်မှတ်ရက်တွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပေးဆောင်ခြင်းမရှိသေးသည့်အခွန်၏ **၁၀%** ။
- ❖ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၄ ၊ ပုဒ်မခွဲ (ခ) အရ အခွန်ဥပဒေတစ်ရပ်ရပ်နှင့်အညီ ပေးဆောင်ရမည့်အခွန်များနှင့်စပ်လျဉ်း၍ သတ်မှတ်ရက်အတွင်း ပေးဆောင်ခြင်းမရှိပါက ပေးဆောင်ခြင်းမရှိသေးသည့်အခွန်၏ **၁၀%** ။

**အခွန်တာဝန်**

- ❖ နိုင်ငံတော်အစိုးရသည် ကောက်ခံရရှိသည့် အခွန်ငွေများအား နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးနေပါသည်။
- ❖ ဥပဒေအရ ကျသင့်အခွန်များအား နိုင်ငံကြီးသား ပီသစွာဖြင့် မှန်မှန်ကန်ကန် ပြည့်ပြည့်ဝဝ ပေးဆောင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ❖ နိုင်ငံတော်ကရသင့်ရထိုက်သည့်အခွန်များကို ဥပဒေနှင့်အညီ ပေးဆောင်ပေးကြပါသော အခွန်ထမ်းပြည်သူများအား ကျေးဇူးအထူးတင်ရှိပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

<u>အသေးစိတ်သိရှိလိုပါက</u> အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်)၊ အမှတ် ၁၂၈/၁၃၂ (ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၈-၃၈၉၃၁၁၊ ၀၁-၈-၃၈၉၃၂၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)၊ ရုံးအမှတ်(၄၆)၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား ၊ အောင်မြေသာစံမြို့နယ်၊ ဖုန်း- ၀၂-၄၀၃၀၁၉၂ ၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ သို့မဟုတ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင် နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် ဝင်ငွေခွန်ထမ်းဆောင်ရာတွင် သိရှိဆောင်ရွက်ကြရမည့်အချက်များ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

**Internal Revenue Department**

**Office Building No.(46), Nay Pyi Taw**

https://www.ird.gov.mm